စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုအတွက် အင်တာဗျူး




# ကျွန်မတို့က မြန်မာ့စီးပွားရေးကဏ္ဍမှာ ပိုပြီးပွင့်လင်းမြင်သာအောင် ကူညီပေးဖို့ပါ။

## မစ္စဗစ်ကီ ဘိုးမန်း (MCRB- ဒါရိုက်တာ )

ဝေယံဘုန်း

,ဒုအင်တာဗျူးကို လူ့အခွင့်အရေးနှင့်ဒီမိုကရေစီဂျာနယ် နှင့် မြန်မာတိုင်း(မ်) အင်္ဂလိပ်ပိုင်း အစီအစဉ်တို့ပူးပေါင်းပြုလုပ်ပါသည်။

*ဒီတစ်ပတ် တွေ့ဆုံမေးမြန်းခြင်း ကဏ္ဍအတွက် မြန်မာနိုင်ငံမှာ တာဝန်ယူမှုရှိ တဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ အတွက် ဆောင်ရွက်နေတဲ့ မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူ ပြုဌာန (Myanmar Centre for Responsible Business-MCRB) ရဲ့ ဒါရိုက် တာ မစ္စဗစ်ကီ ဘိုးမန်း (ခေါ်) မဉ္စမာခင်နဲ့ တွေ့ဆုံမေးမြန်းထားတာကို ဖော်ပြလိုက်ပါတယ်၊*

မေး – တာဝန်ယူမှုရှိတဲ့ စီးပွားရေးဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုပါသလဲ။

ဖြေ - တာဝန်ယူမှုရှိတဲ့စီးပွားရေးဆိုတာနဲ့ ပတ်သက်ပြီး ကျွန်မတို့ဌာနက အဓိပ္ပာယ် သတ်မှတ်တာက မြန်မာနိုင်ငံနဲ့မြန်မာပြည်သူ အားလုံးရဲ့ ရေရှည်အကျိုးစီးပွားတွေအတွက် လုပ်ဆောင်တဲ့ စီးပွားရေးလုပ်ကိုင်မှုလို့ပဲ ဖြစ်တယ်၊

၂၀၁၁ ခုနှစ်တုန်းကပြဌာန်းလိုက်တဲ့ စီးပွားရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂလမ်းညွှန်စည်းမျဉ်းတွေအရ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လူ့အခွင့်အရေးကို "လေးစားရမယ့် တာဝန်" တစ်ခုရှိတယ်ဆိုတာ ရှင်းအောင်ပြောထားပါတယ်၊ "ဘာအန္တရာယ်မှမဖြစ်စေဘူး" ဆိုတဲ့အချက်က တာဝန်ယူမှုရှိတဲ့စီးပွားရေးဆိုတာရဲ့ အခြေခံကျတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တယ်လို့ ဆိုလိုတာပါ။ ဆိုလိုတာက အလုပ်သမားတွေရဲ့ အခွင့်အရေးကိုလေးစားတာ၊ သူတို့ဆန္ဒရှိတယ်ဆိုရင် ကုန်သွယ်ရေးသမဂ္ဂတစ်ခုကို ဝင်ရောက်ခွင့်ပေးတာဆိုတာမျိုးအပါအဝင်ပေါ့၊ လုပ်ငန်းခွင်မှာအလုပ်သမားတွေရဲ့ အန္တရာယ်ကင်းရှင်းမှုရှိမယ်၊ အလုပ်သမားတွေမှာ စာချုပ်စာတမ်းရှိရမယ်၊ ဥပဒေအရ ပြဌာန်းထားတဲ့ အလုပ်လုပ်ချိန် အတွင်းမှာပဲ လုပ်ကိုင်စေရပါမယ်၊ ဒါ့ပြင် ခွဲခြားဆက်ဆံမှု မခံရအောင် လုပ်ဆောင်ပေးရမယ်လို့ဆိုလိုတာပဲဖြစ်တယ်၊

တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာဂုဏ်သိက္ခာရှိရှိ၊ ကျင့်ဝတ်နဲ့ အညီ ပြုမူလုပ်ကိုင်ဖို့ လိုအပ်ပါတယ်၊ ဆိုချင်တာက လာဘ်ပေးတာတွေမလုပ်ဘဲ ပြဌာန်းထားတဲ့ ဥပဒေအတွေအတိုင်းလိုက်နာလုပ်ကိုင်ရမယ်လို့ ပြောတာပါ၊ လက်ဖက်ရည်ဖိုးဆိုတာမျိုးတောင် မပေးရပါဘူး၊

တာဝန်သိတတ်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဥပဒေကပြဌာန်းထားတဲ့အတိုင်း အခွန်ကိုပေးဆောင်ပါတယ်၊ သူတို့ဟာ အခွန်ရှောင်ဖို့ မကြိုးစားဘူး၊ အခွန်ကောက်အရာရှိကိုပြဖို့ စာရင်းတွေခွဲထားတာမျိုးမလုပ်ဘူး၊ ဒါမှမဟုတ် အခွန်လျှော့ဆောင်ရဖို့ လာဘ်ထိုးတာမျိုးမလုပ်ပါဘူး၊

တာဝန်သိတတ်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အခြားစီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်ဆံရာမှာ တာဝန်သိစိတ်နဲ့ပဲ ထိတွေ့ဆက်ဆံတယ်၊ သူတို့ရဲ့ကုန်ပေးသွင်းသူတွေကို အချိန်ကိုက် ငွေချေပေးတယ်၊ သူတို့ရဲ့ အခြားပြိုင်ဘက်တွေ ဒါမှမဟုတ် ဝယ်ယူအားပေးသူတွေအပေါ် ကလိန်ကျပြီး အချင်းချင်းညှိပြီးအပြိုင်မလုပ်ဘဲ အမြတ်ထွက်အောင်ဈေးနှုန်းထိန်းတာမျိုး မလုပ်ဆောင်ကြဘူး၊

ဒ့ါပြင် သဘာဝ ပတ်ဝန်းကျင်ကို တန်ဖိုးထားထိန်းသိမ်းတာ၊ လုပ်ငန်းတစ်ခုရဲ့ ကိုယ်ပိုင် ရင်းမြစ်အသုံးပြုတာကိုလျှော့ချတာ၊ ပြီးတော့ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးပြုတဲ့ နည်းပညာတွေကို ဖွံ့ဖြိုးအောင် လုပ်ဆောင်တာနဲ့ ထွန်းကားကျယ်ပြန့်အောင် လုပ်တာတွေဖြစ်ပါတယ်၊

တာဝန်သိတတ်တဲ့ စီးပွားရေး လုပ်ငန်းတွေဆိုတာက ပွင့်လင်းမြင်သာမှုရှိတဲ့ လုပ်ငန်းတွေကိုပြောတာပါ၊ ဒါဟာ ကိုယ့်ရဲ့ လျှို့ဝှက်ထားရမယ့် လုပ်ငန်းနဲ့ဆိုင်တဲ့ အချက်အလက်တွေကို ထုတ်ပြောရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး၊ ဒါပေမဲ့ လုပ်ငန်းအပေါ်ပိုင်ဆိုင်မှုနဲ့ လုပ်ငန်းလုပ်ကိုင်ပုံတွေနဲ့ ပတ်သက်လို့တော့ ပွင့်လင်းမြင်သာမှုရှိတယ်လို့ဆိုလိုချင်တာပါ၊ ကိုယ်နဲ့ပတ်သက်နေသူတွေနဲ့ ယုံကြည်မှုကို ကြိုးပမ်းတည်ဆောက်တယ်၊ ယုံကြည်မှုတည်ဆောက်ရမယ့်သူတွေထဲမှာ ဝယ်ယူအားပေးသူတွေ၊ ဝန်ထမ်းတွေ၊ အဲဒီလုပ်ငန်းတွေအခြေစိုက်ထားတဲ့ ရပ်ရွာထဲက အိမ်နီးနားချင်းဆိုသူတွေနဲ့ အစိုးရတို့ပါဝင်ပါတယ်၊ ယုံကြည်မှုတည်ဆောက်တယ်ဆိုတာဟာ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ သူတို့အခြေပြုထားတဲ့ ရပ်ရွာအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုရှိမယ့် လုပ်ငန်းအစီအမံတွေနဲ့ပတ်သက်ပြီး တိုင်ပင်ညှိနှိုင်းတာ၊ တုံ့ပြန်ဝေဖန်သံတွေကို နားထောင်တာ၊ နှစ်ဦးနှစ်ဖက်သဘောတူတဲ့ ဖြေရှင်းနည်းတွေရအောင် ကြိုးပမ်းတာဖြစ်ပါတယ်၊

တာဝန်သိတတ်တဲ့ စီးပွားရေး လုပ်ငန်းတွေဆိုတာက မဆိုင်းမတွအလိုက်သင့်တုံ့ပြန်ဆောင်ရွက်တတ်တဲ့ စီးပွားရေး လုပ်ငန်းမျိုးတွေကို ပြောတာပါ၊ သူတို့ဟာ စောဒကတက်မှုတွေကို လျင်လျင်မြန်မြန် တုံ့ပြန်ဖြေရှင်းတယ်၊ ပြဿနာတွေ ကြီးထွားလာပြီး ရှုံးရောက်ဂါတ်ရောက်မဖြစ်လာခင်က တည်းက ကြိုတင်ပြီးပြေလည်အောင်ဖြေရှင်းတယ်၊

မေး – မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ကိုင်ဖို့
စိတ်ဝင်စားတဲ့ နိုင်ငံစုံကော်ပိုရေးရှင်းတွေအတွက်
အဓိကစိန်ခေါ်မှုတွေက ဘာတွေလို့ ထင်ပါသလဲ။

ဖြေ – တွက်ချေကိုက်မကိုက်ကိစ္စနဲ့ပဲ ပတ်သက်တဲ့ စိန်ခေါ်မှုတွေကတော့ မြေဈေးနှုန်းကြီးမြင့်တာတွေ၊ ငှားရမ်းခမြင့်မားတာတွေ၊ လျှပ်စစ်မီးနဲ့အခြေခံအဆောက်အဦအားနည်းတာတွေ၊ ပြီးတော့ ဥပမာတစ်ခုအနေနဲ့ ပြောရရင် ၁၉၉၄ သတ္တုတူးဖော်ရေး ဥပဒေထဲမှာပါတဲ့ လုပ်ကိုင်မယ့်သူကို မဆွဲဆောင်နိုင်တဲ့ ကန့်သတ်ချက်တွေလိုအပါအဝင် ကျွမ်းကျင်လုပ်သား ရင်းမြစ်ပြတ်လပ်မှုအထိ အတော့်ကို ကျပ်ကျပ်တည်းတည်း အခြေအနေတွေပါပဲ၊

ဒါပေမဲ့ ကျွန်မတို့အနေနဲ့ စီးပွားရေးကို တာဝန်သိစိတ်ရှိရှိနဲ့ လုပ်ကိုင်ဖို့ဆိုတာနဲ့ဆိုင်တဲ့စိန်ခေါ်မှုတွေကိုပဲ ပြောကြြေး ဆိုရင်တော့ အဓိကစိန်ခေါ်မှုတွေက ယုံကြည်မှုအပိုင်း၊ အစိုးရစွမ်းဆောင်ရည်ပိုင်းနဲ့ အထူးသဖြင့်မြေယာနဲ့ပတ်သက်လို့ ခေတ်မီဥပဒေဆိုင်ရာမူဘောင်မရှိတဲ့အပိုင်းတွေနဲ့ ဆက်နွယ်နေပါတယ်၊

မြန်မာနိုင်ငံထဲမှာ လည်ပတ်လုပ်ကိုင်နေတဲ့ ပြည်တွင်းပြည်ပ ကုမ္ပဏီတွေအတွက် အဓိကစိန်ခေါ်မှုတွေထဲက တစ်ခုက မြေယာရယူအသုံးချခွင့်နဲ့ ပတ်သက်တဲ့ အခွင့်အရေးပဲဖြစ်တယ်၊ မြေယာကိုစီမံခန့်ခွဲနေတဲ့ ဥပဒေဆိုင်ရာစနစ်က ရှုပ်ထွေးပါတယ်၊ ပြီးတော့ ကျွန်မတို့တွေ့ခဲ့ရသလောက်က ဒေသခံရပ်ရွာအသိုင်းအဝိုင်းနဲ့ ဖြစ်တဲ့ မြေယာအငြင်းပွားမှုတွေဆီ မကြာခဏ ဦးတည်သွားတာပါပဲ၊ စီးပွားရေးလုပ်ငန်းတွေကို ကျွန်မတို့အကြံပေးတာက ထိခိုက်ခံစားရတဲ့လူတွေ၊ မိသားစုတွေနဲ့ လူအုပ်စုတွေဟာ ဥပဒေအရ မြေယာပိုင်ဆိုင်ခွင့်အမည်ပေါက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သူတို့နဲ့ ညှိနှိုင်းဆွေးနွေးဖို့ ဖြစ်ပါတယ်၊ ဒ့ါပြင် မြေယာကိုရယူ ဒါမှမဟုတ် အသုံးပြုတဲ့အခါ (အထူးသဖြင့် ဒေသခံတွေကို နေရာရွှေ့ပြောင်းရတဲ့အထိ ဖြစ်တဲ့အခါမျိုးမှာ) နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အကောင်းဆုံး အလေ့အထကို အသုံးပြုဖို့လည်း ပါဝင်ပါတယ်၊

အခြားစိန်ခေါ်မှုကတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံညွှန်းလိုမျိုး အရေးပါတဲ့နေရာအချို့မှာ ဥပဒေတွေ မရှိတာပါပဲ၊ တာဝန်သိတတ်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အခြားနိုင်ငံတွေမှာလိုပဲ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်တဲ့အခါမှာလည်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး အတွက် ဒီစံချိန်စံညွှန်းတစ်မျိုးတည်းကိုသာ အသုံးပြုမှာပါ၊ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်တဲ့ ဥပဒေတွေမရှိတာ ဒါမှမဟုတ် မရှင်းလင်းတဲ့နေရာတွေမှာတော့ စံညွှန်းအတိုင်းလုပ်ငန်းဆောင်ရွက်ဖို့တောင် ပြဿနာတစ်ရပ်ဖြစ်နေဆဲပဲ ဖြစ်တယ်၊

စီးပွားရေးလုပ်ငန်းတွေအတွက် နောက်ထပ်ပြဿနာကြီးတစ်ခုကတော့ ယုံကြည်မှုပါပဲ၊ လူတွေဟာ စနစ်ကျင့်ထုံးတွေအပေါ်မှာ၊ အစိုးရအပေါ်မှာနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ ယုံကြည်မှုကင်းမဲ့နေကြပါတယ်၊ ပြီးတော့ သူတို့အနေနဲ့ စီးပွားရေးလုပ်ငန်းကြီးနဲ့ ဘယ်လိုထိတွေ့ဆက်ဆံရမယ်ဆိုတာ မသိကြပြန်ပါဘူး၊ မကြာသေးခင်ကာလအထိ အစိုးရဟာ ရင်းနှီးမြှုပ်နှံသူတွေ၊ ဒေသခံပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့အလုပ်လုပ်တာမျိုးကိုအားမပေးခဲ့သလို လုပ်ငန်းလုပ်ကိုင်မယ့်သူတွေကလည်း အစိုးရနဲ့သာတိုက်ရိုက်ထိတွေ့ခဲ့ရပြီး တခြားသောပတ်သက်ဆက်နွယ်နေသူတွေနဲ့ မထိတွေ့ခဲ့ရ၊ ဒေသခံပြည်သူတွေရဲ့အသံတွေကို နားမထောင်ခဲ့ရပါဘူး၊ အခုတော့ ဒါတွေလည်း တဖြည်းဖြည်းတော့ ပြောင်းလဲနေပါပြီ၊ ဒါပေမဲ့ အချိန်တော့ယူရမှာပေါ့၊ လတ်တလောတော့ လက်ပံတောင်းနဲ့ မြစ်ဆုံတို့လိုမျိုး ပြဿနာမျိုးတွေပေါ်ပေါက်မယ့် ဆီကိုတော့ ဦးတည်သွားနေဦးမှာပါ၊

**မေး – 'တာဝန်ယူမှုရှိတဲ့စီးပွားရေး' ဖြစ်ဖို့ရာ ကြိုးပမ်းတဲ့နေရာမှာ ပြည်ပက ကုမ္ပဏီကြီးတွေ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေနဲ့မတူတဲ့ ပြည်တွင်းက မြန်မာ စီးပွားရေးလုပ်ငန်းရှင်တွေ ရင်ဆိုင်ရတဲ့စိန်ခေါ်မှုမျိုးက ဘာတွေပါလဲ။**

ဖြေ - မြန်မာကုမ္ပဏီတွေဟာ အကျင့်ပျက်ခြစားမှုနဲ့ တရားဥပဒေစိုးမိုးမှုမရှိခြင်းဆိုတဲ့အငွေ့အသက်တွေနဲ့အတူ နှစ်ရှည်လများ ယှဉ်တွဲလုပ်ကိုင်ခဲ့ရတယ်၊ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကတော့ စီးပွားရေးလုပ်လို့ကိုင်လို့ကောင်းတဲ့ အနေအထားမျိုး မဟုတ်ခဲ့ပါဘူး၊ အမျိုးမျိုးသောငွေလဲနှုန်းတွေ၊ သွင်းကုန်/ပို့ကုန်အပေါ်ကန့်သတ်မှုတွေ၊ ဥပဒေကို မချိုးဖောက်ဘဲနဲ့ စီးပွားရေးလုပ်ဖို့ရာ မဖြစ်နိုင်လောက်အောင် လုပ်ထားတဲ့ဥပဒေတွေဟာ ဆယ်စုနှစ်နဲ့ချီပြီး ရှိနေခဲ့တာပါ၊ တရားဥပဒေ စိုးမိုးမှုမရှိတဲ့အတွက် စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို မကြာခဏချိုးဖောက်ခံခဲ့ရတယ်၊ အစိုးရက လုပ်ငန်းရှင်တွေဆီကနေ "အလှူငွေ" တွေကောက်တယ်၊ ဒီတော့ ကုမ္ပဏီတွေအနေနဲ့ သူတို့ ဘာကြောင့် အခွန်ပေးဖို့လိုသလဲဆိုတာကို မမြင်နိုင်တော့ဘူး၊ အထူးသဖြင့် သူတို့ပေးလိုက်တဲ့ အခွန်ငွေတွေအတွက် ဘာဝန်ဆောင်မှုမှ ပြန်မရတဲ့အခါမျိုးမှာပေါ့၊ အစိုးရရဲ့ထိန်းချုပ်ကန့်သတ်မှုတွေ၊ စီးပွားရေးပိတ်ဆို့မှု၊ လျှပ်စစ်မီးပြဿနာနဲ့ ဗျူရိုကရေစီ ယန္တယားစတာတွေအကုန်လုံးဟာ လုပ်ငန်းရှင်တွေအတွက်တော့ နာပြီးရင်းနာအောင်လုပ်နေတဲ့အရာတွေပဲ၊

ဒါကဘာကိုပြသလဲဆိုတော့ အထည်ချုပ်လိုမျိုး မြန်မာ့ပို့ကုန်တွေအနေနဲ့ အလုပ်သမားလုပ်ခလစာနဲ့ စံချိန်စံညွှန်းတွေကို မလိုက်နာမှသာလျှင် သူများတိုင်းပြည်တွေနဲ့ယှဉ်ပြိုင်လို့ရတော့မှာဖြစ်ပြီး အလုပ်သမားတွေကတော့ လုပ်ခလစာနည်းပါးတာတို့၊ အလုပ်လုပ်ကိုင်ရတဲ့အခြေအနေတွေက ဆိုးရွားတာတို့နဲ့ရင်ဆိုင်ခဲ့ရပါတယ်၊ ကိုယ့်ပစ္စည်းရဲ့စံချိန်စံညွှန်းတွေ မြင့်တက်လာအောင် ကူညီပေးနိုင်မယ့် စီးပွားရေးလုပ်ငန်းမိတ်ဖက်တွေရှိတဲ့ အနောက်ကမ္ဘာကဈေးကွက်ကြီးနဲ့ ချိတ်ဆက်ထားတဲ့ ထုတ်လုပ်တင်ပို့ရောင်းချမှုဖြစ်စဉ်ကွင်းဆက် (Supply chain) ကြီးထဲကနေ မြန်မာလုပ်ငန်းအချို့ဟာ ဖယ်ထုတ်ခံရထားရတော့ကာ ကမ္ဘောဒီးယားတို့၊ ဗီယက်နမ်တို့က သူတို့ရဲ့ ပြိုင်ဘက်တွေရနိုင်တဲ့ အကျိုးကျေးဇူးတွေဖြစ်တဲ့ ဝယ်ယူစားသုံးသူတွေရဲ့ အကူအညီနဲ့ ကိုယ့်ရဲ့လုပ်ငန်းလုပ်ကိုင်ပုံကို အဆင့်မြှင့်တင်တာလိုမျိုးတွေ မရတော့ဘူးဖြစ်တာပေါ့၊

ဒီလိုပြဋ္ဌာန်းခံအခြေအနေတွေထဲမှာမှ တချို့သောမြန်မာစီးပွားရေးလုပ်ငန်းရှင်တွေဟာ တတ်နိုင်သမျှ ကျင့်ဝတ်နဲ့ညီအောင် တာဝန်ယူမှုရှိအောင် အကောင်းဆုံးကြိုးစားခဲ့ကြပါတယ်၊ ဒါပေမဲ့လည်း ယထာဘူတကျကျပြောရရင် အဲဒီလိုမျိုး စီးပွားရေး ရာသီဥတုကြီးထဲမှာ အသက်ဆက်ရှင်နိုင်ဖို့အတွက် ဘယ်သူမှ တစ်ရာရာခိုင်နှုန်း တာဝန်ယူမှုရှိရှိလုပ်ခဲ့ပါတယ်လို့ ပြောလို့မရဘူး၊

ဒီအခြေအနေက အခုတော့ ပြောင်းလဲနေပါပြီ၊ မြန်မာအစိုးရကလည်း တာဝန်ယူမှုရှိတဲ့ စီးပွားရေးအလေ့အထတွေရှိနေတာကိုမြင်ချင်တယ်လို့လည်း ပြောနေပြီ၊ ဒါပေမဲ့လည်းနှစ်ပေါင်းများစွာကြာအောင် ထုနဲ့ထည်နဲ့ဖြစ်နေတဲ့ အလေ့အကျင့်တွေကို ချက်ချင်းပြောင်းလဲဖို့ကတော့ ဘယ်လွယ်ပါ့မလဲ၊ ဒီနေရာမှာ ဦးဆောင်မှုဟာ သိပ်ကိုအရေးကြီးတယ်၊ တာဝန်သိတတ်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ဖို့ဆိုတာ တာဝန်သိတတ်တဲ့ဝန်ထမ်းတွေရှိရမယ်၊ ဒါပေမဲ့ သူတို့အနေနဲ့ "ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက်မှာပေါ့"၊ မြန်မာမှာဆိုရင် ခေါင်ကစပြီး မိုးမယိုဖို့လိုတယ်ဆိုတဲ့ စကားပုံလည်းရှိတယ်မဟုတ်လား၊ ဒီတော့ကာ အဲဒီလုပ်ငန်းတွေရဲ့ ဦးဆောင်သူတွေ အနေနဲ့ (များသောအားဖြင့် အဲဒီလုပ်ငန်းရဲ့ပိုင်ရှင်သူဌေးတွေပဲဖြစ်တတ်) တာဝန်သိသိ၊ တာဝန်ယူမှုရှိရှိနဲ့ ပြုမူကျင့်ကြံဖို့ လိုသလို အများမြင်အောင်လည်း ထုတ်ပြဖို့လိုပါတယ်၊

စီးပွားရေးလုပ်ငန်းရှင်တွေ ပရဟိတလုပ်တာ (corporate philanthropy) ဟာ စီးပွားရေးလုပ်ငန်းတွေရဲ့တာဝန်ယူမှု (corporate responsibility) နဲ့ မတူပါဘူး၊ စီးပွားရေးလုပ်ငန်းတွေရဲ့တာဝန်သိတတ်မှုဆိုတာဟာ ကျင့်ဝတ်ပိုင်း၊ လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်မှုအပိုင်းတွေနဲ့ ပတ်သက်တဲ့ ကိုယ့်ရဲ့ရှင်းလင်းတဲ့မူဝါဒတစ်ခုကို တိတိကျကျချမှတ်အကောင်အထည်ဖော်တာကို ခေါ်တာပါ၊ ရှင်ချမှတ်ထားတဲ့မူဝါဒအတိုင်း ဒီလုပ်ငန်းရဲ့ ဦးစီးဦးဆောင်ဖြစ်တဲ့ရှင်ကိုယ်တိုင်က ပြန်ပြီး လိုက်နာဆောင်ရွက်တာမျိုးပါ၊ တာဝန်ကျေတဲ့စီးပွားရေးလုပ်ငန်းတွေရဲ့ခေါင်းဆောင်တွေဟာ အခွင့်ထူးရခြင်းဆိုတဲ့ အသာစီးရမှုကို ယူမယ့်အစား ပွင့်လင်းမြင်သာတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ညီတူမျှတူယှဉ်ပြိုင်နိုင်မယ့် ကစားကွင်းတွေရှိလာအောင် အစိုးရကိုစည်းရုံးဆော်ဩတယ်၊ ဥပမာ တင်ဒါခေါ်တာနဲ့ ပစ္စည်းသွင်းတာမျိုးလိုမှာပေါ့၊

တစ်ခါ ပွင့်လင်းမြင်သာမှုကိစ္စကို ပြန်ရောက်လာပြီ၊ ကမ္ဘာတစ်ဝန်းကနိုင်ငံတော်တော်များများမှာ (ကျွန်မရဲ့နိုင်ငံဖြစ်တဲ့ယူကေ အပါအဝင်ပေါ့) ပြည်သူတွေဟာ စီးပွားရေးလုပ်ငန်းကြီးတွေအပေါ် အထူးသဖြင့် လုပ်ငန်းစုအကြီးကြီးတွေအပေါ်မှာ ယုံကြည်မှုက မရှိသလောက်ပဲ၊ ဒီတော့ လုပ်ငန်းရှင်တွေက ပိုပြီးပွင့်လင်းမြင်သာမှုရှိအောင်အားထုတ်ပြပြီး တုံ့ပြန်ရတယ်၊ သူတို့ရဲ့နောက်ဆက်တွဲတွေနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာပေးရတယ်၊ ကောင်းတဲ့နောက်ဆက်တွဲတွေဖြစ်တဲ့ သူတို့ ပေးတဲ့အခွန်အခတွေ၊ သူတို့ဖန်တီးပေးတဲ့အလုပ်အကိုင်တွေအပြင် မကောင်းတဲ့နောက်ဆက်တွဲတွေဖြစ်တဲ့ ဥပမာ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဘယ်လိုရှိတယ်၊ အဲဒီသက်ရောက်မှုတွေကို သူတို့ဘယ်လိုကြိုး

စားပြီးလျှော့ချနေပါတယ် စသည်ဖြင့်ပေါ့။

မြန်မာစီးပွားရေးလုပ်ငန်းတွေ၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကြီးတွေဟာလည်း အများပြည်သူဆီကနေ ယုံကြည်မှု ပိုမိုရရှိအောင်လို့ ဒီအတိုင်းလိုက်လုပ်သင့်ပါတယ်။ အများစုအနေနဲ့ ပုဂ္ဂလိကပိုင်၊ မိသားစုပိုင်စီးပွားရေးလုပ်ငန်းတွေ ဖြစ်နေပေမယ့်လည်း သူတို့ဟာပိုပြီးတော့ ပွင့်လင်းမြင်သာပြနိုင်သလို ကုမ္ပဏီပိုင်ဆိုင်မှုလိုမျိုး၊ သူတို့ရထားတဲ့ မြေယာနဲ့တခြားကင်းလွတ်သက်သာခွင့်တွေလိုမျိုး ကိစ္စရပ်တွေမှာ ပိုပြီးတော့သိသာထင်ရှားအောင် တာဝန်ယူပြ၊ တာဝန်ကျေပြလို့ရပါတယ်။ သူတို့ရဲ့ကြိုးပမ်းလုပ်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ဝက်ဘ်ဆိုက်ပေါ်မှာတင်မယ်၊ တခြားနည်းလမ်းအားဖြင့် ပိုပြီး တိုင်းသိပြည်သိဖြစ်အောင် ထုတ်ဖော်ကြေညာမယ်ဆိုရင် နိုင်ငံခြားကလာမယ့် ကုမ္ပဏီတွေနဲ့ရင်းနှီးမြှုပ်နှံသူတွေဆီကနေလည်း ယုံကြည်မှုကို ရရှိနိုင်မှာမို့လို့ ယှဉ်ပြိုင်မှုသာရည် (competitive advantage) ရနိုင်မယ်၊ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) အနေနဲ့ မြန်မာကုမ္ပဏီတွေနဲ့အတူလက် တွဲလုပ်ဆောင်ချင်တဲ့အရာတွေထဲက တစ်ခုကလည်း သူတို့ကို ပိုပြီးပွင့်လင်းမြင်သာမှုရှိလာအောင် ဘယ်လိုကူညီပေးရမလဲ ဆိုတဲ့အပိုင်းပါပဲ၊

သူတို့ဟာပိုပြီးတော့
ပွင့် လင်းမြင်သာပြနိုင်သလို
ကုမ္ပဏီပိုင်ဆိုင်မှုလိုမျိုး၊
သူတို့ရထားတဲ့ မြေယာနဲ့
တခြား ကင်းလွတ်သက်သာခွင့်တွေလိုမျိုး
ကိစ္စရပ် တွေမှာ
ပိုပြီးတော့သိသာထင်ရှားအောင်
တာဝန်ယူပြ၊
တာဝန်ကျေပြလို့ရပါတယ်။

**မေး – MCRB ရဲ့လုပ်ဆောင်မှုတွေထဲမှာ 'ကဏ္ဍအလိုက်သက်ရောက်မှု လေ့လာဆန်း စစ်ချက် [SWIA]' လုပ်မယ်လို့ သိရပါ တယ်။ အဲဒါဟာ စီမံကိန်းတစ်ခုချင်း အလိုက်လုပ်တဲ့သဘာဝပတ်ဝန်းကျင်အပေါ် အကျိုး သက်ရောက်မှု လေ့လာဆန်းစစ်ချက် [ EIA ] နဲ့ လူမှုပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက် မှု လေ့လာဆန်းစစ်ချက် [ SIA ] တို့နဲ့ဘယ်လို ကွာခြားပါသလဲ။ ဘာကြောင့် SWIA ဟာ အရေးကြီးရတာပါလဲ။**

ဖြေ - SWIA ဆိုတာက စီးပွားရေးကဏ္ဍတစ်ခုဟာ သူ့ကဏ္ဍတစ်ခုအတွင်းကရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာရော မြန်မာ့ လူ့အဖွဲ့အစည်း အပေါ်မှာပါ ဖြစ်ပေါ်စေနိုင်လောက်တဲ့ အကျိုးသက်ရောက်မှုတွေ အထူးသဖြင့် လူ့အခွင့်အရေးကိုရရှိခံစားရမှု အခြေအနေအပေါ် သက်ရောက်နိုင်ဖွယ်အခြေအနေတွေကို လေ့လာဆန်းစစ်တာပါ၊ SWIA တွေကို စားပွဲမှာရော လက်တွေ့ကွင်းထဲမှာပါ လေ့လာပြီးတော့ပါ အကောင်အထည်ဖော်ဆောင်ရွက်ပါတယ်၊ SWIA ဆိုတာဟာ နည်းစနစ်အသစ်တစ်ခုပါပဲ၊ ဒါပေမဲ့ EIA / SIA နဲ့ လူ့အခွင့်အရေးအပေါ်အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ချက် (HRIA) တို့မှာသုံးတဲ့ အသေအချာအတိုင်ချပြီးသားလုပ်ငန်းစဉ်တွေနဲ့လုပ်ထုံးလုပ်နည်းတွေအပေါ်မှာပဲ ဆင့်ပွားထားတဲ့ လုပ်ဆောင်ချက်တွေပါ၊ SWIA လေ့လာဆန်းစစ်ချက်တွေဟာ EIA နဲ့ SIA တွေလုပ်တဲ့ နည်းနာနိသယျတွေမှာပဲအခြေခံတယ်၊ ဒါပေမဲ့ ဖြစ်လာနိုင်ခြေရှိတဲ့အကျိုးသက်ရောက်မှုတွေကို လူ့အခွင့်အရေးဆိုတဲ့ရှုထောင့်ကနေ ကြည့်ရှုတာပါ၊

စီမံကိန်းတစ်ခုကို စရေးဆွဲပြီး အကောင်အထည်ဖော်တဲ့ အချိန်မှာပဲ မကောင်းတဲ့အကျိုးသက်ရောက်မှုတွေ ဖြစ်မလာအောင် သို့မဟုတ် လျော့ပါးအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ရွေးချယ်ထားတဲ့ဆိုက်တွေမှာရှိတဲ့ စီမံကိန်းအချို့ရဲ့ဖြစ်နိုင်ဖွယ်အကျိုးသက်ရောက်မှုတွေကို နားလည်အောင် လက်ရှိသုံးနေတဲ့ အကျိုးသက်ရောက်မှုလေ့လာ ဆန်းစစ်ချက် ချဉ်းကပ်ပုံနည်းလမ်းတွေကို အသုံးပြုပါတယ်၊ ထုံးစံအရတော့ စီမံကိန်းကိုအကောင်အထည်ဖော်တဲ့လုပ်ငန်းရှင်က လုပ်ပါတယ်၊ မြန်မာနိုင်ငံရဲ့ဥပဒေအရလည်း သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ အခြေအနေတွေအောက်မှာ ESIA လုပ်ရပါတယ်၊

SWIA လုပ်ငန်းစဉ်ဟာလည်း အဲဒီနည်းနာတွေအပေါ်မှာပဲ အခြေပြုတည်ဆောက်ထားတာပါ၊ ဒါပေမဲ့ စီမံကိန်းတစ်ခုချင်းစီအလိုက် သီးသန့်လုပ်ဆောင်မယ့်အစား ကဏ္ဍလေးခုမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာဖို့ အလားအလာရှိတဲ့ ပြည်တွင်းနဲ့ ပြည်ပက စီးပွားရေးလုပ်ငန်းတွေကိုချဉ်းကပ်တဲ့နေရာမှာ ပိုကျယ်ပြန့်ပြီး ရှေ့ကိုမျှော်ကြည့်တဲ့ပုံစံနဲ့ သွားပါတယ်၊ SWIA တစ်ခုချင်းစီအနေနဲ့ စီးပွားရေးကဏ္ဍတစ်ခုလုံးရဲ့ လူ့အဖွဲ့အစည်းအပေါ်သက်ရောက်မှုကိုကြည့်ပါမယ်၊ ကြည့်တဲ့နေရာမှာ လူ့အခွင့်အရေးကိုအဓိကဆုံချက်အဖြစ်ထားမှာပါ၊ ရည်ရွယ်တာကတော့ အခြားသောစီမံကိန်းတစ်ခုစီအလိုက်လုပ်တဲ့ အကျိုးသက်ရောက်မှုလေ့လာဆန်းစစ်ချက်တွေမှာလိုမဟုတ်ဘဲ SWIA တစ်ခုပြီးသွားတဲ့အခါ ပြည်သူကိုချပြမှာဖြစ်ပါတယ်၊ SWIA တစ်ခုချင်းစီကနေထွက်လာတဲ့ ရလဒ်တွေဟာ အနာဂတ်မှာ ကုမ္ပဏီတွေ လုပ်ပြီး မြန်မာအစိုးရကပြန်လှန်သုံးသပ်မယ့် အကျိုးသက်ရောက်မှုလေ့လာဆန်းစစ်



ချက်တွေအတွက် သတင်းအချက်အလက်တွေပေးမယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်၊ ဒါဟာ ဖြစ်နိုင်ဖွယ်ရှိတဲ့အန္တရာယ်တွေ၊ အဲဒီအန္တရာယ်တွေကိုလျော့ပါးစေမယ့်နည်းလမ်းတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ပင်မနေရာကြီးတစ်ခုအဖြစ် အတူတကွပေါင်းစပ်ဖန်တီးမယ်လို့လည်း ကျွန်မတို့မျှော်လင့်



ပါတယ်၊ ဒါဆိုရင် ကုမ္ပဏီတွေ၊ သက်ရောက်ခံရမယ့် လူမှုအသိုင်းအဝိုင်းတွေနဲ့ မြန်မာအစိုးရအတွက်လည်း သိပ်ကိုအသုံးတည့်မှာပါ။ ခြုံငုံပြောရရင် ကျွန်မတို့အနေနဲ့ အဲဒီ SWIA တွေက ကဏ္ဍတစ်ခုရဲ့ရင်းနှီးမြှုပ်နှံမှုကနေ ကောင်းတဲ့သက်ရောက်မှုတွေ ပိုမိုထွက်ရှိလာစေပြီး မကောင်းတဲ့အကျိုးဆက်တွေကိုလျှော့ချပစ်တာမျိုး ဖြစ်စေချင်ပါတယ်၊

**မေး –** **SWIA အတွက် ခရီးသွားလာရေး၊ ရေနံနဲ့သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေးနဲ့ သတင်းအချက်အလက် နည်းပညာအစရှိတဲ့ ကဏ္ဍလေးခုကို ခင်ဗျားရွေးချယ်ထားတယ်လို့ ခင်ဗျားရဲ့ဝက်ဘ်ဆိုက်မှာ ပြောထားတယ်။ အခြားကဏ္ဍတွေအများကြီးရှိတဲ့အထဲက ဒီကဏ္ဍလေးခုကို ခင်ဗျားဘာကြောင့် ဦးစားပေးရွေးချယ်ရသလဲ။ ခရီးသွားလုပ်ငန်းကို ပထမဆုံးဘာကြောင့် ဦးစားပေးထားသလဲ။ ဒီကဏ္ဍအပေါ် ခင်ဗျားလေ့လာနေတာနဲ့ပတ်သက်လို့ နောက်ဆုံး အခြေအနေကဘာလဲ၊ အခုအကဲဖြတ်နေတာဘယ်အဆင့်ထိရောက်နေပြီလဲ။**

ဖြေ - MCRB ဟာ ဒီကဏ္ဍလေးခုကို ရွေးချယ်ထားတယ်၊ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း ဖွင့်ပေးလိုက်တဲ့အချိန်မှာ မြန်မာပြည်အတွက် ဒီကဏ္ဍတွေဟာ ဖွံ့ဖြိုးမယ့်နယ်ပယ်တွေ ဖြစ်နေလို့ပါ။ ဒါ့ပြင် မြန်မာ့စီးပွားရေးလုပ်ငန်းတွေဟာ ဒီကဏ္ဍတွေထဲမှာ ပါဝင်ပတ်သက်နေတာပါ။ ကျွန်မတို့ အခုအချိန်မှာ ကဏ္ဍနှစ်ခုအပေါ် လေ့လာအကဲဖြတ်နေတယ်၊ အဲဒီကဏ္ဍတွေကတော့ ခရီးသွားလုပ်ငန်းနဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍတွေပါပဲ၊ ၂၀၁၄ ခုနှစ် ပထမသုံးလပတ်လောက်မှာ လေ့လာချက်တွေကို ထုတ်ပြန်နိုင်မယ်လို့ မျှော်လင့်ရတယ်၊

လတ်တလောမှာ ကျွန်မတို့ အခြားဆက်စပ်နေရာဒေသတွေမှာ ကွင်းဆင်းလေ့လာမှုတွေ လုပ်နေတယ်၊ လေ့လာမှုလုပ်ရာမှာ ကျွန်မတို့က အခွင့်အရေးပိုင်ရှင်တွေ၊ တစ်နည်းအားဖြင့် ပြည်သူလူထုပေါ့။ သူတို့တွေနဲ့ တိုင်ပင်တယ်၊ အထက်က ကဏ္ဍနှစ်ခုဟာ သူတို့တွေကို ဘယ်လိုအပြုသဘော၊ အနုတ်သဘော သက်ရောက်နေသလဲဆိုတာနဲ့ပတ်သက်ပြီး တိုင်ပင်တာပါ။ အခွင့်အရေးပိုင်ရှင်တွေဆိုတာက ရပ်ရွာလူထုတွေ၊ ဒေသခံအာဏာပိုင်တွေ၊ ဝန်ထမ်းတွေ၊ အလုပ်ရှင်တွေ၊ ခရီးသွားလာရေးအတွက် လေကြောင်းလိုင်းတွေ၊ မြင်းလှည်းမောင်းသမားတွေ၊ ခရီးသွားလုပ်ငန်းအတွက် ရည်ရွယ်တဲ့စားသောက်ဆိုင်တွေအစရှိတဲ့ စီးပွားရေးဖြစ်စဉ်ကွင်းဆက် (supply chain) ထဲမှာပါတဲ့ ဒေသခံစီးပွားရေးတွေ၊ ဒါမှမဟုတ် ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍက ထောက်ပံ့ပို့ဆောင်ရေးလုပ်တဲ့သူတွေ ဖြစ်နိုင်တယ်၊ လေ့လာတွေ့ရှိချက်တွေကို ကျွန်မတို့ခွဲခြမ်းစိတ်ဖြာကြည့်မယ်၊ ဒီတွေ့ရှိချက်တွေက SWIA မှာ အကြံပြုချက်တွေ တိုးတက်ရရှိဖို့ အကူအညီပေးမှာပါ။ လေ့လာအကဲဖြတ်မှုတစ်စိတ်တစ်ပိုင်းအရ ဒီကဏ္ဍတွေရဲ့လက်ရှိမူဝါဒနဲ့ ကြီးကြပ်ရေးမူဘောင်ကိုလည်း စိစစ်သွားမယ်၊ မူဝါဒလုပ်ငန်းဘောင်ဟာ စီးပွားရေးတွေ တာဝန်ယူမှုရှိရှိ အလုပ်မလုပ်အောင် ဘယ်နေရာတွေမှာ တားဆီးနေနိုင်သလဲ၊ ဒါမှမဟုတ် တာဝန်ခံမှုကို ဘယ်နေရာမှာတားဆီးနေသလဲကျွန်မတို့ ကြိုးစားဖော်ထုတ်မယ်၊

**မေး –** **SWIA ရဲ့အဓိကပစ်မှတ်က အစိုးရ၊ စီးပွားရေးလုပ်ငန်း၊ အရပ်သားလူ့အဖွဲ့အစည်း နဲ့ သတင်းမီဒီယာလို့ ခင်ဗျားပြောထားတယ်။ ခင်ဗျားရဲ့တင်ပြချက်တွေ၊ စိစစ်ချက်တွေနဲ့ ထောက်ခံချက်တွေကို အဲဒီပုဂ္ဂိုလ်တွေ အလေး အနက်ထား ထည့်သွင်းစဉ်းစားလာစေဖို့ ခင်ဗျားရဲ့ မဟာဗျူဟာတွေကဘာတွေလဲ။**

ဖြေ - အဲဒီပစ်မှတ်တွေအားလုံးမှာ သဘောထားတူညီတဲ့ အခြေခံအကြောင်းအရာတစ်ခုရှိတယ်၊ အဲဒါကတော့ သူတို့အားလုံး မြန်မာပြည်မှာ တာဝန်ယူမှုပိုရှိတဲ့ စီးပွားရေးအလေ့အကျင့်တစ်ခုကို မြင်ချင်ကြတာပါပဲ၊ အဲဒီအချက်အပေါ်ကိုပဲ ကျွန်မတို့ရဲ့ အကြံပြုချက်တွေကို အဓိကစုစည်းချင်တာပါ။ ခုနက ကဏ္ဍတွေရဲ့ ကောင်းကျိုးတွေကိုဘယ်လိုတိုးမြှင့်ပြီး ဆိုးကျိုးတွေကို ဘယ်လိုလျှော့ချမလဲ

ဆိုတဲ့အပေါ် အဓိကထားအကြံပြုချင်တာပါ။ ဒီသဘောက ကျွန်မတို့အနေနဲ့ မြန်မာပြည်တွင်းကဖြစ်စေ၊ နိုင်ငံခြားကဖြစ်စေ သာဓကဖြစ်ရပ်တွေကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းတွေဟာ အကောင်းဆုံးအလေ့အကျင့်ကို ဘယ်လိုပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဘယ်လိုကျင့်သုံးလာနိုင်မလဲ၊ ဘယ်လိုကျင့်သုံးနိုင် မလဲဆိုတာအပေါ် အကြံပြုချက်တွေပေးဖို့လို့ ဆိုလိုတာပါ။

ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေကို အစိုးရနဲ့အတူ ကျွန်မတို့ကလည်း အကူအညီပေးမှာပါ။ ဥပမာ " ဥပဒေအသစ်တွေ ထွက်လာတဲ့ အလုပ်သမားကာကွယ်စောင့်ရှောက်မှုလို အဝန်းအပိုင်းမျိုး တွေမှာပါပဲ၊ နောက်ပြီးတော့ လက်တလော မြန်မာပြည်အနေနဲ့ သူများတွေထက်နောက်ကျနေပြီး ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှုအပိုင်းမှာ ဟာကွက်တွေအများကြီးရှိနေတဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုလိုမျိုးအပိုင်းတွေမှာ ဆက်လက်ဖြစ်ပေါ်တိုးတက်အောင်လည်း ကျွန်မတို့အားပေးသွားမှာ ဖြစ်ပါတယ်၊ လက်တလောရှိနေဆဲဥပဒေတွေ အသက်ဝင်မနေတဲ့၊ အာဏာစက်တည်မနေတဲ့ နေရာကို ကျွန်မတို့ညွှန်ပြဦးမှာဖြစ်ပါတယ်၊ ဒါ့ပြင်အစိုးရအဲဒီလိုလုပ်နိုင်စွမ်းရှိဖို့ နိုင်ငံတကာအလှူရှင်တွေကထောက်ခံအားပေးလာဖို့လည်း ကျွန်မတို့တိုက်တွန်းသွားမှာပါ။

စီးပွားရေးသမားတွေနဲ့အတူတူလက်တွဲလုပ်ရတဲ့အခါမှာ သူတို့ဘာကြောင့်အပြောင်းအလဲလုပ်သင့်သလဲဆိုတာကို ကိုယ့်ဘက်က အလုပ်သဘောအရရှင်းပြရမှာဖြစ်ပါတယ်၊ ပိုပြီးတာဝန်ယူမှုရှိရှိနဲ့ ပြုမူလုပ်ကိုင်ခြင်းဟာ ရေတိုမှာတော့ ကုန်ကျစရိတ်တက်နိုင်တယ်၊ ဥပမာ လစာတိုးပေးမယ်၊ အချိန်ပိုကြေးပေးမယ်၊ အလုပ်သမားတွေကို ဘေးကင်းရေး ပစ္စည်းကိရိယာတွေပေးရမယ်ဆိုရင် အကုန်အကျတက်သွားနိုင်တယ်၊ ကိုယ့်ရဲ့ ဆောင်ရွက်ချက်တွေနဲ့အကျိုးသက်ရောက်မှုတွေနဲ့ ပတ်သက်ပြီး အချက်အလက်စုဆောင်းတာ၊ အစီရင်ခံတင်ပြတာမျိုးလုပ်ရင်လည်း အကုန်အကျရှိတာပဲ၊ ပါဝင်ပတ်သက်ဆက်နွယ်နေသူတွေနဲ့ ပိုပြီးစနစ်တကျဇေ့စပ်ညှိနှိုင်းရင်လည်း အကုန်အကျရှိတယ်၊ ကိုယ့်လုပ်ငန်းလည်ပတ်မှုက ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေလို့ လုပ်ငန်းလုပ်တဲ့အပိုင်းကိုသန့်စင်ရမယ်ဆိုရင်လည်း အကုန်အကျရှိတာပဲ၊

ဒါပေမဲ့လည်း ဘာမှမလုပ်ဘဲနေပြန်ရင်လည်း ကုန်ကျစရိတ်ရှိတာပဲ၊ ဘယ်လိုမျိုးလဲဆိုတော့ သပိတ်မှောက်တာတွေ၊ ပိတ်ဆို့တားဆီးတာတွေ၊ တရားတဘောင်ရင်ဆိုင်ရတာတွေပေါ့၊ လက်ပံတောင်းကြေးနီတွင်းကိုစဏာပိတ်ရတာ၊ မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းထားတာတွေဟာ လုပ်ရမယ့်ဟာတွေကိုမလုပ်ဘဲ စောစောစီးစီးတာဝန်ယူမှုရှိရမယ့်အပိုင်းမှာ မရှိခဲ့တာကြောင့် ကုမ္ပဏီတစ်ခုဟာ ငွေကြေးနစ်နာဆုံးရှုံးရတာကိုပြဆိုနိုင်တဲ့အကောင်းဆုံးသာဓကတွေပဲ၊ ဒါကြောင့် ကျွန်မတို့က ကုမ္ပဏီတွေကို ဒါမျိုးအနာဂတ်မှာ မနစ်နာမဆုံးရှုံးရစေဖို့အတွက်ရှောင်ကြဉ်နိုင်မယ့်နည်းလမ်းတွေကို ကျွန်မတို့ရဲ့ အကြံပြုချက်တွေကတစ်ဆင့် ချပြပေးမှာဖြစ်ပါတယ်၊

ကျွန်မတို့ရဲ့အစီရင်ခံစာတွေဟာ အစိုးရရဲ့တာဝန်ဖြစ်တဲ့ လူ့အခွင့်အရေးကိုကာကွယ်ပေးဖို့ဆိုတာနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့တာဝန်ဖြစ်တဲ့ လူ့အခွင့်အရေးကိုလေးစားဖို့ဆိုတာနှစ်ခုကြားက ခြားထားတဲ့မျဉ်းကို တိကျသေချာအောင်လုပ်ပေးဖို့ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာတင်လားဆိုတော့ မဟုတ်ဘူး၊ တစ်ခါတလေကျတော့ တခြားနိုင်ငံတော်တော်များများမှာလည်း ဒီမျဉ်းဟာမပြတ်သားဘူး၊ ဝေဝါးနေတယ်၊ အစိုးရရော ဒေသခံပြည်သူတွေရောက ဒေသခံကုမ္ပဏီတစ်ခုဆီကနေ ကျောင်းတွေ၊ ဆေးရုံတွေ၊ လျှပ်စစ်မီးအစရှိတာတွေ လုပ်ပေးဖို့တောင်းဆိုလေ့ရှိကြတယ်၊ ဒါပေမဲ့ အဲဒါတွေလုပ်ပေးဖို့က စီးပွားရေး ကုမ္ပဏီတွေရဲ့အလုပ်မဟုတ်ဘူး၊ သူတို့မှာ ဘဏ္ဍာရေးဝန်ကြီးဌာနကို အခွန်မှန်မှန်ပေးသွင်းဖို့ပဲတာဝန်ရှိတယ်၊ အဲဒီ အခွန် တွေကိုသုံးစွဲပြီး ခုနကပြောတဲ့ဝန်ဆောင်မှုလုပ်ငန်းတွေ၊ အခြေခံအဆောက်အဦတွေ ဖြည့်ဆည်းပေးဖို့က အစိုးရရဲ့ တာဝန် ဖြစ်တယ်၊

ကျွန်မတို့အဖွဲ့အစည်းရဲ့ဆောင်ရွက်ချက်တွေရဲ့အကူအညီနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ မီဒီယာတွေက ကုမ္ပဏီတွေနဲ့အပြုသဘောဆောင်တဲ့ ဆွေးနွေးငြင်းခုံမှုလေးတွေပြုလုပ်စေချင်တယ်၊ လူ့အခွင့်အရေးကို လေးစားရမယ့် စီးပွားရေးလုပ်ငန်းတွေရဲ့တာဝန်ဆိုတာ ဘာကိုဆိုလိုသလဲဆိုတာကိုနားလည်မှုအပေါ် အခြေထိုင်စဉ်းစားပြီးတော့ပေါ့၊ ဒီကမှ စီးပွားရေးလုပ်ငန်းတွေဟာသူတို့ကြောင့်ဖြစ်တဲ့အကျိုးဆက်တွေအတွက် တာဝန်ခံရာမှာ၊ တိုးတက်မှုရှိအောင် လုပ်ရာမှာ (တခြားလူတွေနဲ့) ထိပ်တိုက်တွေ့ဆုံမှုတွေ၊ ပဋိပက္ခတွေမရှိဘဲ လုပ်ဆောင်နိုင်အောင် ကူညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊

မေး – ခင်ဗျားလေ့လာမိသလောက်
ခုနက အုပ်စုတွေဟာ ကုလသမဂ္ဂရဲ့ စီးပွားရေးနဲ့
လူ့အခွင့်အရေးများဆိုင်ရာ အခြေခံ
သဘော တရားများလမ်းညွှန်
**(UN Guiding Prin-ciples on
Business and Human Rights)**
နဲ့ပတ်သက်ပြီး ဘယ်လောက်သိရှိထား ကြသလဲ။
အဲဒီလမ်းညွှန်ချက်တွေကို
ကိုယ့် ဧရိယာအနေအထားအတွင်း၊
ကိုက်ညီအောင် ဆက်စပ်ဆွဲယူ မယ့်
စိတ်ကူးများ သူတို့မှာရှိသလား။

ဖြေ - ကုလသမဂ္ဂလမ်းညွှန်ချက်တွေနဲ့ပတ်သက်ပြီးပြောရရင်တော့ သိရှိနားလည်ထားမှုက နည်းပါးပါတယ်၊ လူ့အခွင့်အရေး ကျွမ်းကျင်သူတွေကလွဲရင်ပေါ့၊ အစိုးရအရာရှိတွေ၊ စီးပွားရေးသမားတွေနဲ့ ကျွန်မစကားပြောကြည့်တော့ တစ်ခါတစ်ရံ သူတို့ရဲ့ပထမ

ဦးဆုံးတုံ့ပြန်မှုကဘာလဲဆိုတော့ စီးပွားရေးနဲ့လူ့အခွင့်အရေးကြားက ဆက်နွယ်မှုကို သူတို့နားမလည်ကြဘူး၊ လူ့အခွင့်အရေးဆိုတာဟာ နိုင်ငံရေးပဲလို့ သူတို့ထင်နေကြတော့ ကာ ဒီအကြောင်းပြောရမှာကို တွန့်ကြတယ်၊ လူ့အခွင့်အရေးကိုလေးစားရမယ်ဆိုတဲ့ သူတို့ရဲ့တာဝန်ကိုကျေပွန်စေဖို့ရာအတွက် သူတို့မှာလေးလေးနက်နက်ချမှတ်ထားတဲ့ မူဝါဒတစ်ရပ်ရှိထားဖို့ဆိုတာဟာ ကုလသမဂ္ဂလမ်းညွှန်ချက်တွေထဲက တစ်ခုပါ၊ ဒါပေမဲ့ ကုလသမဂ္ဂရဲ့ Global Compact (သူ့ရဲ့ မူဝါဒ ၁၀ ချက်အနက် နှစ်ချက်က လူ့အခွင့်အရေးနဲ့ဆိုင်) ကိုလက်မှတ်ရေးထိုးထားကြတဲ့ မြန်မာကုမ္ပဏီ ၅၉ ခုထဲမှာတောင် လူ့အခွင့်အရေးဆိုင်ရာမူဝါဒရေးသားထုတ်ပြန်ထားတဲ့ ကုမ္ပဏီတစ်ခုမှ ကျွန်မ မမြင်မိပါဘူး၊ ကျွန်မတို့အဖွဲ့အစည်း လုပ်ကိုင်ချင်တဲ့အရာတစ်ခုက ကုမ္ပဏီတွေကို သူတို့ရဲ့လုပ်ငန်းအတွက်လည်းအဓိပ္ပာယ်ရှိတဲ့ လူ့အခွင့်အရေးမူဝါဒတွေ ကူညီဖော်ထုတ်အကောင်အထည်ဖော်ပေးချင်တာပဲ၊

လက်တွေ့အပိုင်းမှာ လူ့အခွင့်အရေးကိုလေးစားတယ်ဆိုတာ ဘာကိုခေါ်တယ်ဆိုတာကို ကျွန်မတို့ရှင်းပြဖို့ကြိုးစားတယ်၊ ဥပမာအနေနဲ့ ရှင်ဟာထရပ်ကားကုမ္ပဏီတစ်ခုကို ပိုင်တယ်ဆိုရင် ရှင့်ရဲ့ယာဉ်မောင်းတွေဟာ လူတစ်ယောက်ကို သေစေတဲ့အထိ အန္တရာယ်ဖြစ်အောင် မမောင်းဖို့အတွက် ရှင့်မှာတာဝန်ရှိတယ်၊ ရှင့်မှာစက်ရုံတစ်ရုံရှိတယ်ဆိုရင် ခွဲခြား ဆက်ဆံမှုမရှိဖို့ပဲ၊ အမျိုးသမီးအလုပ်သမားတွေကို ကူညီတဲ့အလုပ်တိုင်းအတွက် ယောကျ်ားတွေနဲ့တန်းတူလုပ်ခပေးဖို့ပဲ၊ လစ်ဟာချက်တွေအများကြီးရှိသေးပေမယ့်လည်း လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်မှုအချို့ကိုတော့ မြန်မာနိုင်ငံရဲ့ ဥပဒေတွေထဲမှာထည့်သွင်းပြဌာန်းပြီးသားပါ၊ ဥပဒေတွေရှိနေတာတောင်မှ သူတို့ဟာလုံးဝမှန်မှန်ကန်ကန် အာဏာမသက်ရောက်သေးဘူး၊

ကုလသမဂ္ဂက ၂၀၁၁ ခုနှစ်မှာ ပြဌာန်းခဲ့တဲ့ စီးပွားရေးနဲ့လူ့အခွင့်အရေးများဆိုင်ရာ အခြေခံ သဘောတရားများလမ်းညွှန်ချက်တွေကို သူတို့နဲ့သက်ဆိုင်တဲ့အခန်းကဏ္ဍအသီးသီး လိုက်နာကျင့်သုံးမယ်ဆိုတဲ့ ကတိကဝတ်တွေ၊ သန္နိဋ္ဌာန်တွေကို သက်ဆိုင်သူအသီးသီးက ထပ်မံအဓိဋ္ဌာန်ပြုနိုင်စေဖို့ အစိုးရဟာ ကုမ္ပဏီတွေနဲ့ချုပ်ဆိုတဲ့စာချုပ်တွေ၊ ခွင့်ပြုမိန့်ပါမစ်တွေထဲမှာ အဲဒီအချက်တစ်ချက်ကို ထည့်သွင်းသင့်တယ်လို့ ကျွန်မတို့ကအကြံပြုထားပါတယ်၊ ဒါဟာ အစိုးရပိုင်းက ဒီအရေးကိစ္စကို အလေးအနက်ထားပါတယ်ဆိုတာနဲ့ တာဝန်ယူမှုရှိတဲ့ရင်းနှီးမြှုပ်နှံမှုကို အားပေးအားမြှောက်ပြုလိုပါတယ်ဆိုတာတွေကို သက်သေထူနိုင်မယ့်နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်၊

မေး – မြန်မာနိုင်ငံဆိုတာ ပြည်တွင်းနဲ့ နိုင်ငံ ခြား
ရင်းနှီးမြှုပ်နှံမှုနှစ်ခုစလုံးမှာ ကြီးမားတဲ့
လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိခဲ့တဲ့
တိုင်း ပြည်တစ်ပြည်ပါပဲ။
တရားဥပဒေစိုးမိုးမှုလည်း မရှိ၊
အကျင့်ပျက်ခြစားမှုတွေကလည်း
နေရာအနှံ့အပြားမှာရှိနေပြီးအားနည်းတဲ့ဥပဒေ
ဆိုင်ရာ မူဘောင်နဲ့ အလုပ်လုပ်နေတဲ့
တိုင်းပြည်တစ်ခုပါပဲ။ ဒီလိုနိုင်ငံမှာအချိန်ကာလ
တိုတိုအတွင်းမှာ တာဝန်ယူမှုရှိတဲ့ စီးပွားရေး
လုပ်ငန်းတွေဖြစ်ပေါ်တိုးပွားလာဖို့
ဘယ် လောက်ဖြစ်နိုင်ချေရှိလဲ။
အဲဒီလိုလုပ်ဖို့အတွက် အဓိကကျတဲ့
စိန်ခေါ်မှုတွေက ဘာလဲ။

ဖြေ - ၂၀၁၃ ခုနှစ်အတွင်းမှာကိုပဲ တာဝန်ယူမှုရှိတဲ့စီးပွားရေး အယူအဆနဲ့လက်တွေ့ကျင့်စဉ်တွေ ထွန်းကားလာအောင် လုပ်ဖို့ရာ သိပ်ကိုဖြစ်နိုင်ချေရှိပါတယ်၊ ကုမ္ပဏီတွေကလည်း ဒီအပိုင်းကို အတော်ကလေးစိတ်ဝင်စားကြတယ်၊ မြန်မာ ကုမ္ပဏီတွေဟာ သူတို့ရဲ့ စွမ်းဆောင်မှုနဲ့အသိပညာကို မြှင့်တင်ဖို့ရာမှာလည်း စိတ်ဝင်စားကြတယ်၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလာလုပ်တဲ့ အနောက်တိုင်းကုမ္ပဏီတွေဟာ သူတို့စီးပွားရေးကို တာဝန်ယူမှုရှိရှိ လုပ်ကိုင်ဖို့လိုအပ်တယ်ဆိုတာကို သိပ်ကိုသတိပြုမိကြတာပါပဲ၊ မြန်မာပြည်က သူတို့ရဲ့ မိတ်ဖက်လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်တွေကလည်း တာဝန်ယူမှုရှိရှိနဲ့ လုပ်ကိုင်တယ် ဆိုတာကို သူတို့ကသေချာအောင်လုပ်ရမှာကိုလည်း သိပါတယ်၊ လာဘ်ပေးလာဘ်ယူနဲ့ ပတ်သက်လို့ပြောရရင် ကိုယ့်ရဲ့စီးပွားရေး မိတ်ဖက်က လာဘ်ထိုးလိုက်တာနဲ့ အနောက်တိုင်းကုမ္ပဏီရဲ့ အမှုဆောင်အများစုဟာ နေရင်းထိုင်ရင်း ထောင်ကျဖို့အလားအလာရှိတယ်၊

ဒီအနောက်တိုင်း ကုမ္ပဏီတွေက တကယ်လို့ မြန်မာပြည်မှာ သူတို့ တစ်ခုခုအမှားလုပ်လိုက်ရင် မီဒီယာထဲမှာ အဝေဖန်ခံရမယ်၊ ဒါမျိုးကို ဘင်္ဂလာဒေ့ရှ်တို့ ထိုင်းတို့မှာ သွားလုပ်လိုက်ရင်တောင်မှ အဝေဖန်ခံရချင်မှ ခံရမယ်၊ ဒီမှာက အမြဲတမ်းသူတို့ကိုစောင့်ကြည့်နေကြတာ၊ အနောက်တိုင်းမဟုတ်တဲ့ ကုမ္ပဏီတွေကတော့ ယေဘုယျအားဖြင့် တာဝန်ယူမှုရှိရှိလုပ်ကိုင်ဖို့အတွက် သူတို့ရဲ့ နိုင်ငံတွေရဲ့ ဖိအားပေးမှုကို ဒီလောက်မခံရဘူးဆိုပေမယ့် ကျွန်မ အသေအချာပြောနိုင်တာတစ်ခုက မြန်မာလူထုဟာ အခုဆိုရင် သူတို့ရဲ့ အမြင်တွေကို ပိုပြီးလွတ်လွတ်လပ်လပ် ဖော်ထုတ်လာနိုင်ပြီဖြစ်တဲ့အတွက် အနောက်တိုင်းမဟုတ်တဲ့ ကုမ္ပဏီတွေအနေနဲ့လည်း ပြည်သူတွေရဲ့ သဘောတူကြည်ဖြူမှု (social licence to operate)ဆုံးရှုံးသွားနိုင်တယ်ဆိုတာကို ပိုပြီးတော့ သိသိလာကြပါပြီ၊

ဒါပေမဲ့ ဆယ်စုနှစ်ပေါင်းများစွာ အမြစ်တွယ်နေတဲ့ ဒီလိုအရာတွေဟာ အခုတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ပြောင်းလဲသွားလိမ့်မယ်လို့ယုံကြည်ရင်တော့ မှားအ ရာများကျမလားပဲ၊ တရားဥပဒေစိုးမိုးမှု အားနည်းချက်တွေရှိနေတာကို အားလုံးသိထားကြပြီပဲ၊ မြေယာအခွင့်အရေးနဲ့ မြေယာပိုင်ဆိုင်ခွင့်အရှုပ်အရှင်းတွေဟာလည်း စီးပွားရေး

လုပ်ငန်းရှင်တွေကို တွက်ဆနေရာချလို့မရအောင် လုပ်နေတဲ့ပြဿနာရပ်တွေပဲ၊ ပြီးတော့ ဒီတိုင်းပြည်မှာ မြေသိမ်းယာသိမ်းကိစ္စတွေကလည်း အတိတ်အမွေလိုဖြစ်နေတော့ ကာ ဖြေရှင်းဖို့ကလည်းနှစ်တွေကြာဦးမယ်၊

စီးပွားရေးလုပ်ငန်းတွေအနေနဲ့ လူ့အခွင့်အရေးကိုလေးစားဖို့ရာ လိုအပ်လာစေတဲ့ ဥပဒေသစ်တွေ၊ ဥပမာ လွတ်လပ်တဲ့ အလုပ်သမားသမဂ္ဂတည်ထောင်ဖွဲ့စည်းခွင့်၊ အလုပ်ရှင်-အလုပ်သမားညှိနှိုင်းဖြေရှင်းခွင့်၊ တရားဝင်သပိတ်မှောက်ခွင့်တွေကို ပေးထားတဲ့ အလုပ်သမားဥပဒေသစ်နှစ်ခု ရှိနေပြီဆိုတဲ့ ခုလိုအချိန်မှာတောင်မှ အလုပ်ရှင်အားလုံးဟာ ဒီလိုလွတ်လပ်မှုအသစ်တွေကို မသိရှိကြသလို အဲဒီအခွင့်အရေးတွေကိုလည်း လေးစားကြမှာ မဟုတ်ဘူး၊ တချို့သော အလုပ်သမားတွေဟာ အလုပ်သမားသမဂ္ဂ ဖွဲ့စည်းဖို့ကြိုးစားတဲ့အတွက် အလုပ်ပြောင်းခံရတာ၊ အလုပ်ထုတ်ခံရတာတွေတောင်မှ ရှိနေပါတယ်၊

ကုမ္ပဏီတစ်ခုအနေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် တခြားသော စိန်ခေါ်မှုမြောက်မြားစွာရှိနေမှာပဲ၊ အရင်တုန်းက ပဋိပက္ခဖြစ်ခဲ့တဲ့ နယ်မြေတွေမှာ တာဝန်ယူမှုရှိရှိနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ရတဲ့အပိုင်းမှာ အခက်အခဲတွေလိုမျိုးစိန်ခေါ်မှုတွေက ရှိနေဦးမှာ၊ ဒီပြဿနာတွေနဲ့ တခြားသော ပြဿနာရပ်ပေါင်းများစွာကိုကြည့်ရင် စီးပွားရေးလုပ်ငန်းတွေဟာ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှု လုပ်တဲ့အခါမှာ လူ့အခွင့်အရေးအခြေအနေကို သတိထားလေ့လာဆန်းစစ်ပြီး တိုးမြှင့်လုပ်ဆောင်ရမယ်လို့ သဘောပေါက်နိုင်ပါတယ်၊

> ဦးပိုင်အနေနဲ့
> တခြား ကုမ္ပဏီတွေလိုမျိုး
> လိုက်နာရမယ့်စည်းမျဉ်း
> စည်းကမ်းတွေ၊ ဥပဒေတွေကို
> အများနည်း တူ လိုက်နာရတဲ့၊
> ဘာအခွင့်ထူးမှမရတဲ့
> လုပ်ငန်းစုကုမ္ပဏီတစ်ခုဖြစ်လာဖို့ဆိုတဲ့
> အခြေ အနေကို ဖန်တီးဖို့ပဲ။

လူ့အခွင့်အရေးအခြေအနေကို သတိထားလေ့လာဆန်းစစ်ခြင်းဆိုတာဟာ ကုလသမဂ္ဂလမ်းညွှန်ချက်တွေပါ အယူအဆတစ်ရပ်ဖြစ်ပြီး နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေတောင်မှ လိုက်နာဖို့ခက်ခဲတဲ့လမ်းစဉ်တစ်ခုပဲ၊ မြန်မာနိုင်ငံရဲ့ ကုမ္ပဏီအများစုကတော့ (ကုလသမဂ္ဂ)လမ်းညွှန်ချက်ကို စတင်မလိုက်နာသေးဘူး၊ အနည်းဆုံးတော့ သိစိတ်ရှိရှိနဲ့ စပြီးမလိုက်နာသေးဘူးလို့ဆိုရမယ်၊

နောက်ထပ် အရေးတကြီးမှတ်ထားရမှာတစ်ခုက မြန်မာနိုင်ငံဟာ ဒီပြဿနာတွေကြုံနေရတဲ့ တစ်ခုတည်းသောနိုင်ငံတော့ မဟုတ်ဘူး၊ ရှင်တို့အနေနဲ့ ယခု မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့စီးပွားရေးလုပ်ငန်းနဲ့ လူ့အခွင့်အရေး ပြဿနာရပ်တွေကို ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေနဲ့ "မနိုင်နင်းတဲ့နိုင်ငံတွေ" မှာတွေ့ရမယ်၊ နောက် အရေးကြီးတဲ့အချက်တစ်ခုက အချို့သော ရင်းနှီးမြှုပ်နှံမှုပုံစံတွေ (ဥပမာ-ရန်ကုန်အနီးအနားက ကုန်ပစ္စည်းထုတ်တဲ့လုပ်ငန်းတွေ) ဟာ ဆိုကြပါစို့ ကချင်ပြည်နယ်က ရေနံတူးဖော်ရှာဖွေမှုတွေနဲ့စာရင် စွန့်စားရနိုင်ချေအများကြီး နည်းတယ်ဆိုတာပဲ၊

ရန်ကုန်က အထည်ချုပ်စက်ရုံတစ်ရုံဟာ လူ့အခွင့်အရေးအပေါ်ကောင်းကျိုးသက်ရောက်စေဖို့ အများကြီးပိုလွယ်တယ်၊ အကြောင်းက သူတို့ဟာ အလုပ်အကိုင်တွေဖန်တီးပေးနိုင်တယ်၊ ဒီကရလာတဲ့ဝင်ငွေကို မိသားစုတွေက ကျန်းမာရေး၊ ပညာရေးတို့ဘက်မှာကျခံသုံးစွဲနိုင်မယ်၊ ဒါပေမဲ့ ဒီလိုဆိုတဲ့အတွက်လည်း ကချင်ပြည်နယ်က ရေနံကုမ္ပဏီဟာ အမှားကျူးလွန်ဖို့အတွက် ဆင်ခြေကောင်းကောင်းပေးစရာရှိသွားတယ်လို့ မဟုတ်ပါဘူး၊ သူတို့ဆိုပိုလို့တောင် ပြင်းပြင်းထန်ထန်ကြိုးစားရမှာ၊ အကြောင်းက သူတို့လုပ်ပုံမဟုတ်ရင် ပဋိပက္ခတွေဆီဦးတည်သွားစေမယ့် ဆိုးကျိုးတွေဟာ ဂျာကင်အင်္ကျီထုတ်တဲ့ကုမ္ပဏီတစ်ခုထက် ပိုပြီးထိခိုက်ပျက်စီးစေမှာမို့လို့ပဲ၊

မေး – စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်တဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကိုလူအများစုက အခွင့်ထူးခံ စီးပွားရေးအုပ်စုအဖြစ် မြင်ကြတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ ပြည်လိုမျိုးဦးပိုင်လို စီးပွားရေးလုပ်ငန်းတွေ ရှိ တဲ့နိုင်ငံမျိုးမှာ တာဝန်ယူမှုရှိတဲ့စီးပွားရေး ထွန်းကားကျယ်ပြန့်လာအောင် လုပ်နိုင်ပါ့မလား။ အစိုးရအနေနဲ့ရော ဦးပိုင်ကိုစွဘယ်လိုစဉ်းစားကိုင်တွယ်သင့်တယ်လို့ ထင်ပါ သလဲ။ တခြားသောစစ်အာဏာရှင် ဘဝကလွတ်မြောက်လာတဲ့ တိုင်းပြည်တွေမှာ ဦးပိုင် လိုအလားတူအုပ်စုတွေကို ကိုင်တွယ်ခဲ့တဲ့ အကောင်းဆုံးသာဓကရှိပါသလား။

ဖြေ - ဒီမေးခွန်းက ဦးပိုင်မှာတင်ဆုံးသွားတာမဟုတ်ဘဲ မြန်မာနိုင်ငံရဲ့အနာဂတ်မှာ စစ်တပ်ရဲ့အခန်းကဏ္ဍနဲ့ စပ်ဆိုင်တဲ့ ရှုပ်ထွေးတဲ့နိုင်ငံရေးပြဿနာရပ်တချို့ကို ဖော်ထုတ်လိုက်တဲ့မေးခွန်းပဲ၊ ဦးပိုင်လို စစ်တပ်စီးပွားရေး တည်ရှိနေရုံသက်သက်နဲ့တော့ တခြားသောစီးပွားရေးလုပ်ငန်းတွေရဲ့ တာဝန်ယူမှုရှိစွာပြုမူဆောင်ရွက်တဲ့အပေါ်မှာ သက်ရောက်မှုရှိမှာ မဟုတ်ဘူး၊ အဓိကကတော့ ဦးပိုင်ရဲ့အဓိကရှယ်ယာဝင်တွေဟာ စစ်တပ်က ပုဂ္ဂိုလ်တွေနဲ့ စစ်မှုထမ်းဟောင်းတွေဖြစ်နေတယ်ထားဦး၊ ဦးပိုင်အနေနဲ့ တခြားကုမ္ပဏီတွေလိုမျိုး လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေကို အများနည်းတူ လိုက်နာရတဲ့၊ ဘာအခွင့်ထူးမှမရတဲ့ လုပ်ငန်းစုကုမ္ပဏီတစ်ခုဖြစ်လာဖို့ဆိုတဲ့ အခြေအနေကို ဖန်တီးဖို့ပဲ၊ ဘယ်သူ့ဘယ်သူမှ အကျောပေးမခံရတဲ့ကစားကွင်းပေါ့၊

တကယ်တော့ အထူးသဖြင့် ယခင်အတိတ်ကာလက အခွင့်ထူးတွေရယူခဲ့ကြတဲ့အတွက် အဝေဖန်ခံခဲ့ရတဲ့ ဦးပိုင်လို ကုမ္ပဏီကြီးတွေအားလုံး သူတို့ရဲ့စီးပွားရေး လုပ်ဆောင်ချက်တွေ၊ ပိုင်ဆိုင်မှုတွေ၊ သူတို့ကြောင့်ဖြစ်လာတဲ့ ကောင်းကျိုး ဆိုးကျိုးတွေ၊ ဒီကနေ့ သူတို့ပေးဆောင်ရမယ့်အခွန်တွေနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိသင့်တယ်၊ မိမိဆန္ဒနဲ့အညီ ဒီလိုလုပ်တဲ့ကုမ္ပဏီတွေဟာ ပြည်ပကလာမယ့်ရင်းနှီးမြှုပ်နှံသူတွေအတွက် စီးပွားဖက်အဖြစ်၊ ရိုးသားဖြောင့်မတ်တဲ့ ဆက်ဆံမှုရှိ... 

တူရကီမှာတော့ စစ်တပ်ပိုင် ဦးပိုင်ကုမ္ပဏီတစ်ခုရှိတယ်၊ အိုယက် (OY-AK) ဆိုတဲ့ ဒီစစ်တပ်ကုမ္ပဏီဟာ မြန်မာ့ဦးပိုင်လိုပဲ၊ တူရကီမှာ တတိယအကြီးဆုံးကုမ္ပဏီပါပဲ၊ အဲဒီကုမ္ပဏီရထားတဲ့ အခွင့်ထူးတွေကို လျှော့ချဖို့ကိစ္စ တူရကီမှာ ငြင်းခုံနေကြတုန်းပဲဆိုပေမယ့် ခုထက်ထိသူ့မှာ အခွင့်ထူးအချို့ရနေသေးတယ်၊ ဒါပေမဲ့ အနည်းဆုံးအနေနဲ့တော့ OYAK မှာ သူ့ရဲ့အုပ်ချုပ်မှု၊ ပိုင်ဆိုင်မှု၊ လုပ်ရှားဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး အသေးစိတ်ဖော်ပြပေးတဲ့ http://www.oyak.com.tr/EN ဆိုတဲ့ ဝက်ဘ်ဆိုက်တစ်ခုရှိသေးတယ်၊ အခုအထိ (မြန်မာ) ဦးပိုင်မှာ ဒီလို ဝက်ဘ်ဆိုက်ကလေးတစ်ခုတောင်မှ မရှိဘူး၊

စစ်တပ်ပိုင်ကုမ္ပဏီအဖြစ်ကနေ ရိုးရိုးသာမန်ကုမ္ပဏီအဖြစ် အသွင်ကူးပြောင်းသွားတဲ့ သာဓကတွေရှိပါတယ်၊ ထိုင်းမှာဆိုရင် ထိုင်းတပ်မတော်ဘဏ်လိုမျိုး ကုမ္ပဏီတွေဟာ မူလက တပ်မတော်အမှုထမ်းအရာထမ်းတွေအတွက် တည်ထောင်ခဲ့တာ ဆိုပေမယ့် ၁၉၈၃ ခုနှစ်မှာ ထိုင်းစတော့အိတ်ချိန်းအဖွဲ့ဝင်ကုမ္ပဏီဖြစ်လာတယ်၊ ING (နယ်သာလန်)နဲ့ DBS (စင်ကာပူ) တို့လိုမျိုး နိုင်ငံတကာဘဏ်တွေက ရှယ်ယာအများစုကိုကိုင်ထားကြပြီး ထိုင်းစစ်တပ်ကတော့ ရှယ်ယာ ၁ ဒသမ ၄ ရာခိုင်နှုန်းကိုပဲ ကိုင်ထားတော့တယ်၊

အီရန်မှာတောင်မှ သမ္မတ ရိုဟာနီရဲ့အစိုးရသစ်က စစ်တပ်စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ အစ္စလာမ်တော်လှန်ရေးစောင့်အဖွဲ့ (IRGC) ကို ပုဂ္ဂလိကလုပ်ငန်းတွေ အပြိုင်အဆိုင်ဖြစ်နေတဲ့ ကဏ္ဍတွေကနေ ဆုတ်ခွာဖို့ အကြံပြုနေတယ်၊ ဒါပေမဲ့ အီဂျစ်မှာတော့ စစ်တပ်ဟာ ကုမ္ပဏီအမျိုးမျိုးကနေ တစ်ဆင့် စီးပွားရေးအခန်းကဏ္ဍ တော်တော်များများမှာ ပါဝင် ပတ်သက်နေတယ်၊ နိုင်ငံ့စီးပွားရေး ခန့်မှန်းခြေ ၄၀ ရာခိုင်နှုန်းလောက်ကို ထိန်းချုပ်ထားတယ်၊ ပြီးရင် စက်ရုံကြီးကိုးခုကိုပိုင်ဆိုင်ပြီး လည်ပတ်နေတယ်ဆိုတဲ့ အချက်ကိုတောင်မှ နိုင်ငံရဲ့ လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားဖို့ကြိုးစားကြတယ်၊ ဒါကလည်း အီဂျစ်နဲ့ သူ့ရဲ့စီးပွားရေးဟာ ဘာကြောင့်ခုလောက် အမယ်ဘုတ်ကဲ့သို့ချည်ခင် ဖြစ်နေရသလဲ ဆိုတာရဲ့အဖြေတစ်ခုတောင် ဖြစ်နိုင်ပါတယ်၊

မေး – မကြာသေးခင်က ရောဝတီမဂ္ဂဇင်းနဲ့ လုပ်တဲ့ အင်တာဗျူးတစ်ခုမှာနိုင်ငံတကာကုမ္ပဏီတွေဟာ ဒေသခံပြည်သူတွေနဲ့ ယုံကြည်မှု တည်ဆောက်ဖို့ လိုပြီး ဒီလို တည် ဆောက်ရာမှာလည်း အစိုးရကို တစ်ဆင့်ထား တာထက် တိုက်ရိုက် ဆက်ဆံဖို့ လိုတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်။ ခုအချိန်မှာက အကြီး စားရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးတွေ အထူးသဖြင့် သယံဇာတ ထုတ်ယူတဲ့ကဏ္ဍအပေါ်မှာ ပြည်သူ လူထုက မနှစ်မြို့တဲ့၊ ဆန့်ကျင်ချင်တဲ့စိတ်တွေ မြင့်တက်နေတော့ အဲဒီပြည်တွင်း ပြည်ပ ကုမ္ပဏီတွေအတွက် ဒေသခံတွေနဲ့ယုံကြည်မှု တည်ဆောက်ဖို့အကောင်းဆုံးနည်းလမ်းတွေက ဘာများဖြစ်မလဲ။

ဖြေ - ပတ်သက်ဆက်နွှယ်နေသူတွေနဲ့ စေ့စပ်ညှိနှိုင်းတဲ့ နည်းနာအပိုင်းမှာ သယံဇာတတူးဖော်ရေးကဏ္ဍဟာ အတိုးတက်ဆုံးလို့ ပြောနိုင်ပါတယ်၊ သတ္တုတွင်းတွေဆိုတာက လုပ်ငန်းပတ်ဝန်းကျင်တစ်ခုမှာ နှစ်ပေါင်း ၁၀၀ လောက်အထိကို တည်ရှိရတာမျိုးပါ၊ သတ္တုတူးဖော်တဲ့ကုမ္ပဏီ တစ်ခုက သူလုပ်ကိုင်နေတဲ့ လူမှုအသိုင်းအဝန်းထဲက အိမ်နီးနားချင်းတွေနဲ့ အဆင်မပြေဘူး၊ သူတို့က လက်မခံဘူးဆိုရင် ပြဿနာကို ဆက်တိုက်ကြုံနေရမှာပဲ၊ ဆန္ဒပြတာတွေ၊ ပိတ်ဆို့ဟန့်တား



မှုတွေနဲ့ အကြမ်းဖက်မှုတွေတောင် ကြုံရနိုင်တယ်၊ ဒါတွေက အဲဒီလုပ်ငန်းကို ခဏရပ်လိုက်ရတာအပြင် ကုမ္ပဏီအနေနဲ့လည်း ငွေကြေးဆုံးတဲ့ ရလဒ်တွေပဲထွက်မှာပါ၊ လန်ဒန်က အပြည်ပြည်ဆိုင်ရာ သတ္တုတူးဖော်ရေးလုပ်ငန်းကောင်စီ(ICMM)က ကုမ္ပဏီ ၂၁ ခုနဲ့ အတူတကွ ဖွဲ့စည်းထားပြီး သတ္တုတူးဖော်ရေးကဏ္ဍအတွင်း အကောင်းဆုံး ကျင့်သုံးဆောင်ရွက်မှုတွေ ဖွံ့ဖြိုးသထက် ဖွံ့ဖြိုးအောင် လုပ်ဆောင်နေကြပါတယ်၊ သူတို့မှာ သူတို့ရဲ့ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်စွဲလိုမျိုးလမ်းညွှန်တွေ ထုတ်ဝေထားပါတယ်၊ www.icmm.com/community-development-toolkit ဆိုတဲ့ ဝက်ဘ်ဆိုက်မှာ ဒေသခံရပ်ရွာပြည်သူလူထုနဲ့ ယုံကြည်မှုတည်ဆောက်နိုင်မယ့် နည်းလမ်းတွေနဲ့အတူ သူတို့နဲ့ ဘယ်လိုစေ့စပ်ညှိနှိုင်းရမလဲဆိုတဲ့အပေါ် လမ်းညွှန်ချက်တွေ ပါဝင်တယ်၊ အဲဒီထဲက အရေးကြီးဆုံးအပိုင်းက ကုမ္ပဏီတစ်ခု စီမံဆောင်ရွက်နေတဲ့ အခြေခံလေ့လာမှုတွေနဲ့ အကဲဖြတ်မှုတွေမှာ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွေကို တိုက်ရိုက်ပါဝင်စေတာပဲဖြစ်ပါတယ်၊ အခုဆိုရင် မြန်မာနိုင်ငံမှာ ESIA တွေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အတော်များများအတွက် လိုအပ်ချက်တစ်ခု ဖြစ်လာနေပါပြီ၊ အဲဒီလို လုပ်ဆောင်ရာမှာ အတူပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ ချဉ်းကပ်မှုကို အသုံးပြုဖို့ အလွန်အရေးကြီးပါတယ်၊ အခြားအလွန်အရေးပါတဲ့ အချက်က သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းရဲ့စောဒကတက်မှု၊ မကျေနပ်မှုတွေကို ဖြေရှင်းဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်ယန္တရားတစ်ခု ကုမ္ပဏီမှာ ရှိဖို့လိုအပ်တာပဲဖြစ်တယ်၊ အဲဒီတိုင်တန်းမှုဖြေရှင်းရေးယန္တယားကို ဒေသခံပြည်သူလူထုကလည်း ယုံကြည်မှုရှိပြီး လက်တွေ့သုံးစွဲရမယ်၊ ကောင်းမွန်တဲ့အဲဒီလိုမျိုးယန္တရားက ကုမ္ပဏီတစ်ခုရဲ့ လုပ်ကိုင်ဆောင်ရွက်မှုနဲ့ ပတ်သက်လို့ တိုက်ရိုက်တုံ့ပြန်ချက်ပေးမှာ ဖြစ်တယ်၊ သူတို့အနေနဲ့ အကျိုးသက်ရောက်မှုရှိရှိ တုံ့ပြန်ဆောင်ရွက်မယ်ဆိုရင် ယုံကြည်မှုဆိုတာကို တည်ဆောက်ပြီးသားဖြစ်စေမှာပါ၊ အဲဒီလိုဆောင်ရွက်ဖို့ဆိုတာက စောဒကတက်မှုတွေကို အစိုးရအေဂျင်စီတွေဆီကမဟုတ်ဘဲ တိုက်ရိုက် လက်ခံရရှိဖို့တော့လိုပါတယ်၊ ပြီးတော့ ထိထိရောက်ရောက်နဲ့ အပြုသဘောဆောင်တဲ့ တုံ့ပြန်ဆောင်ရွက်မှုလုပ်ဖို့ လိုအပ်ပါတယ်၊ ICMM မှာ အဲဒီကိစ္စတွေအားလုံးနဲ့ဆိုင်တဲ့ လမ်းညွှန်တွေနဲ့ လက်တွေ့ဖြစ်ရပ်လေ့လာမှုတွေပါဝင်ပါတယ်၊

> မြန်မာနိုင်ငံတွင်းက တရုတ်ကုမ္ပဏီ တချို့ရဲ့ ချဉ်းကပ်မှုကို ပြောင်းလဲစေတာက အနောက်အုပ်စုနဲ့ဂျပန်တို့ရဲ့ ယှဉ်ပြိုင်မှုကို ကြောက်တာကြောင့်လို့တော့ ကျွန်မမထင် ပါဘူး။ သူ့ တရုတ် ကိုပြောင်းလဲသွားစေတဲ့ အရာက 'မြစ်ဆုံနဲ့လက်ပံတောင်း' အရေး ကိစ္စပါ။

မေး – အခုဆိုရင် တရုတ်ဟာ ဂျပန်နဲ့ အနောက်အုပ်စုနိုင်ငံတွေလိုမျိုး ပြိုင်ဘက်အသစ်တွေနဲ့အတူ သူ့အခွင့်အလမ်းတွေကို လက်လွှတ်ဆုံးရှုံးလာတာနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေဖြစ်လာပါပြီ။ ဒါဟာ တရုတ်ကုမ္ပဏီတွေကို လူ့အခွင့်အရေး စံချိန်စံညွှန်းတွေနဲ့ညီ စီးပွားရေးလုပ်ငန်းတွေကို တာဝန်သိသိ လုပ်ကိုင်လာစေဖို့ တွန်းအားပေးတဲ့သဘောမျိုး ဖြစ်စေတယ်လို့ ခင်ဗျားအနေနဲ့ထင်ပါ သလား။

ဖြေ – မြန်မာနိုင်ငံတွင်းက တရုတ်ကုမ္ပဏီ တချို့ရဲ့ ချဉ်းကပ်မှုကို ပြောင်းလဲစေတာက အနောက်အုပ်စုနဲ့ဂျပန်တို့ရဲ့ ယှဉ်ပြိုင်မှုကို ကြောက်တာကြောင့်လို့တော့ ကျွန်မမထင်ပါဘူး၊ သူ့ (တရုတ်) ကိုပြောင်းလဲသွားစေတဲ့ အရာက "မြစ်ဆုံနဲ့လက်ပံတောင်း" အရေးကိစ္စပါ။ အခုအခါ မြန်မာနိုင်ငံသားတွေဟာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုရလာပါပြီ၊ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်လို့ သူတို့ ထင်မြင်စဉ်းစားတာကို ပြောနိုင်စွမ်းရှိလာပြီ၊ ခေတ်ဟောင်းနေ့ရက်တွေက အပြုအမူမျိုးကို သူတို့လက်ခံမှာ မဟုတ်တော့ဘူး၊ အဲဒီကိစ္စနှစ်ခုကနေ တရုတ်ကုမ္ပဏီတွေက လေ့လာသိရှိလာကြတာပါ။ တရုတ်အစိုးရကိုယ်နှိုက်ကလည်း သူ့ကုမ္ပဏီတွေရဲ့ လုပ်ပုံကိုင်ပုံ နည်းလမ်းတွေကို ပြောင်းလဲဖို့ တိုက်တွန်းနေပါတယ်၊ ဒါက အစပိုင်းကာလပါ ဒါပေမဲ့ ကျွန်မအနေနဲ့ မျှော်လင့်တာကတော့ တရုတ်ကုမ္ပဏီတွေဟာ ICMM ထဲမှာပါဝင်တဲ့ အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်ပုံ အလေ့အကျင့်တွေကို သဘောတူလက်ခံကျင့်သုံးဖို့ကိုပါပဲ၊

မေး – ခင်ဗျားရဲ့အဓိက ဦးတည်ချက်က မြန်မာ့စီးပွားရေးလုပ်ငန်းတွေ လို့ပြောခဲ့တယ်။ ခင်ဗျား MCRB ကိုစတည်ထောင်ကတည်း ကစရင်မြန်မာ့စီးပွားရေးလုပ်ငန်းတွေဟာ ပိုပြီးတာဝန်သိတတ်တဲ့ သဘောရှိလာတဲ့ တစ်စုံတစ်ရာ သက်သေများတွေ့ရလား မသိ ဘူး။ အခုချိန်ထိ မြန်မာ့စီးပွားရေးလုပ်ငန်းတွေ မှာ

တိုးတက်တဲ့ အရိပ်လက္ခဏာ ခံစားရတဲ့ နေရာများရှိရင် ထူးထူးခြားခြား ဥပမာလေး များပေးနိုင်မလား။

ဖြေ - MCRB ရုံးခန်းကိုဖွင့်တာ လေးလ တောင်မရှိသေးပါဘူး၊ ဒါကြောင့် ကျွန်မတို့ လုပ်ငန်းအပေါ် အပြောင်းအလဲတွေ ရှိလာပြီလို့ မှတ်ယူဖို့တော့ စောလွန်းပါသေးတယ်၊ ဒါပေမဲ့ တချို့မြန်မာကုမ္ပဏီတွေက တာဝန်ယူမှုရှိတဲ့ စီးပွားရေးမှာ ခေါင်းဆောင်မှုကဏ္ဍကို ပြသနေတဲ့သဘောကိုတော့ တွေ့မြင်ရပါတယ်၊ ကျွန်မလေ့လာခဲ့မိသလောက် မြန်မာကုမ္ပဏီတွေထဲကဆိုရင် စီးတီးမတ်က ကျွန်မ ထူးထူးခြားခြားအမှတ်ပေးမိတဲ့ ကုမ္ပဏီတစ်ခုပါပဲ၊ သူတို့ရဲ့ ၂၀၁၃ ခုနှစ်ထုတ် "Communication on Progress(COP)" (ကုလသမဂ္ဂ Global Impact ကိုသူတို့ ပထမဆုံးပေးပို့တဲ့ နှစ်ပတ်လည်အစီရင်ခံစာ)ကိုဖတ်ကြည့်ရင် တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ခြင်းနဲ့ ပတ်သက်ပြီး အမြင်ရှုထောင့်စုံကို သူတို့နားလည် သဘောပေါက်လာတာကို ရှင်းရှင်းလင်းလင်းတွေ့ရလိမ့်မယ်၊ သူတို့မှာ သူတို့အလုပ်သမားဝန်ထမ်းတွေရဲ့ အခွင့်အရေးတွေကို လေးစားရမယ့် အားကောင်းတဲ့ မူဝါဒတွေရှိပါတယ်၊ သူတို့နဲ့ တွဲဖက်လုပ်ကိုင်သူတွေနဲ့ သဘာဝပတ်ဝန်းကျင်ကိစ္စ အပါအဝင်ပေ့ါ၊ လူကုန်ကူးမှုလိုမျိုး လူ့အခွင့်အရေး ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အသိပညာပေးရေးလုပ်ငန်းတွေမှာ သူတို့ စီးတီးမတ်ရဲ့ အမှတ်တံဆိပ်ကို အသုံးပြုပြီး ဈေးကွက်ကိုရဲရဲတွင်တာမျိုးအပြင် စားသုံးသူတွေကိုလည်း ပလစ်စတစ်အိတ် သုံးစွဲမှုလျှော့ချဖို့ စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားတာကိုလည်း တွေ့ရပါတယ်၊ ဒါက ဥပမာ တစ်ခုပဲရှိပါသေးတယ်၊ MCRB အနေနဲ့ကတော့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေရှိတဲ့ မြန်မာကုမ္ပဏီတွေထဲက ဥပမာတွေကို ရယူဖို့စိတ်ဝင်စားပါတယ်၊ ပြီးတော့လည်း အဲဒီဥပမာတွေက အခြားကုမ္ပဏီတွေကို ပိုပြီး တာဝန်ယူတတ်လာစေဖို့ တိုက်တွန်းနှိုးဆော်ရာမှာ အကူအညီအများကြီးပေးနိုင်မှာပါ၊

မေး – မြန်မာကုမ္ပဏီတွေ၊ ဒါမှမဟုတ်၊ နိုင်ငံ ခြားကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှု တွေ၊ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး MCRB ကို တိုက်ရိုက်အကြံဉာဏ်တောင်းခံလာတာမျိုးရှိသလား။သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေက ဘာတွေလဲ။ ဘယ်လိုကိစ္စမျိုးတွေမှာ အကူအညီအထောက်အပံ့တောင်းခံကြလဲ။

ဖြေ - နိုင်ငံခြားကုမ္ပဏီတွေ အနေနဲ့ကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဖို့ရာ ဘယ်သူတွေကို ချိတ်ဆက်ရမလဲဆိုတဲ့ ကိစ္စမျိုးတွေ၊ ESIA လုပ်ဖို့အတွက် ဒေသတွင်းလုပ်နိုင်စွမ်းအားတွေက ဘာတွေဖြစ်မလဲဆိုတာမျိုးတွေနဲ့ ပတ်သက်ပြီး အကြံဉာဏ်တောင်းခံတာမျိုးတွေရှိတယ်၊ မြေယာနဲ့ပတ်သက်တဲ့ ကြုံတွေ့ရမယ့် ပြဿနာတွေကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့ အကြံဉာဏ်တောင်းခံမှုတွေရှိတယ်၊ သီးခြားကဏ္ဍတွေမှာ တာဝန်သိတဲ့ စီးပွားရေးလုပ်ငန်းတွေအဖို့ လုပ်ငန်းလုပ်ကိုင်ရာမှာ သာတူညီမျှ ယှဉ်ပြိုင်နိုင်ခွင့် ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ဥပဒေစည်းမျဉ်းတွေ မူဝါဒချမှတ်တဲ့ လုပ်ငန်းစဉ်တွေကို ဘယ်လိုပြုပြင်ပြောင်းလဲနိုင်မလဲဆိုတာ ကျွန်မတို့ ဆွေးနွေးကြတယ်၊ ကျွန်မတို့အနေနဲ့တော့ သူတို့ရဲ့ ကုန်ပစ္စည်းထုတ်လုပ်တင်သွင်းဖြန့်ချိတဲ့ လုပ်ငန်းကွင်းဆက်အဆင့်ဆင့် (supply chain)မှာ အလေ့အကျင့်တွေကို ပိုမိုးတိုးတက်လာစေဖို့တွေ၊ အမျိုးသမီးတွေ အပေါ် ပိုမိုလုပ်ပိုင်ခွင့်ပေးဖို့တွေ စတဲ့အရေးနယ်ပယ်တွေမှာ မဟာဗျူဟာကျတဲ့ CSR (ကော်ပိုရေးရှင်းများရဲ့ လူမှုတာဝန်ဖြည့်ဆည်းမှု) အစီအစဉ်တွေအတွက် သူတို့ရဲ့စီမံချက်တွေကို ဆွေးနွေးပေးပါတယ်၊

မြန်မာကုမ္ပဏီတွေနဲ့ပတ်သက်လို့တော့ တာဝန်သိတဲ့ လုပ်ငန်းတွေအနေနဲ့ နိုင်ငံတကာစံချိန်စံညွှန်းတွေက ဘယ်လိုတွေရှိတယ်ဆိုတာ နားလည်လာဖို့ သူတို့ကို အကူအညီပေးနိုင်တဲ့ အရင်းအမြစ်တစ်ခု ကျွန်မတို့က ဖြစ်ချင်ပါတယ်၊ သူတို့တွေ အနေနဲ့ ပိုပြီးပွင့်လင်းမြင်သာတဲ့၊ ပိုပြီးတာဝန်သိတတ်တဲ့ရပ်တည်ချက်ယူမှုတွေရှိလာရင်၊ သူတို့အဖို့ ပြိုင်ဆိုင်မှုသာရည် (competitive advantage) ရလာပြီး နိုင်ငံတကာက လုပ်ငန်းရှင်တွေကို ပိုပြီးဆွဲဆောင်လာနိုင်လိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် ကျွန်မတို့ အနေနဲ့တော့ မြန်မာကုမ္ပဏီတွေကို ကျွန်မတို့နဲ့ ထိတွေ့ဆက်ဆံနေမှုကို မပြတ်ထိန်းထားဖို့ တိုက်တွန်းချင်ပါတယ်၊

မေး – တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း အလေ့အကျင့်တွေအတွက် စံနှုန်းတွေပြုလုပ်ပေးနေတယ်လို့ ထင်မြင်တဲ့ နိုင်ငံတကာ ကုမ္ပဏီတွေရယ်လို့ မြင်မိလားခင်ဗျ။

ဖြေ - ဒီအချိက်အတန့်မှာတော့ မြန်မာ့ဈေးကွက်မှာရောက်နေတဲ့ နိုင်ငံတကာ ကုမ္ပဏီအရေအတွက်ဟာ အလွန်ကို နည်းပါးနေပါသေးတယ်၊ ဒါကြောင့် ကုမ္ပဏီတစ်ခုရဲ့ လုပ်ငန်းဆောင်ရွက်မှုကို သီးခြားအနေနဲ့ ပြောဖို့ခက်ပါတယ်၊ ပိုပြီးယေဘုယျကျကျ ပြောရရင် FTSE4Good လိုမျိုး ရေရှည်ထိန်းသိမ်းနိုင်မှုဆိုင်ရာ ညွှန်းကိန်းများမှာ အကောင်းဆုံး လုပ်ဆောင်နိုင်တဲ့ နိုင်ငံတကာလုပ်ငန်းစုကြီးတွေ အပါအဝင်ပဲဖြစ်တယ်၊ ကျွန်မအနေနဲ့ မျှော်လင့်တာကတော့ ရင်းနှီးမြှုပ်နှံနိုင်မယ့် ရေစံမြေစံ အခြေအနေက တိုးတက်လာမှာပါ၊ ဒါကြောင့် မြန်မာပြည်ဟာ သူ့ဆီမှာရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုလုပ်ဆောင်လာအောင် အဲဒီကမ္ဘာ့အဆင့် လုပ်ငန်းစုကြီးတွေကို ပိုပြီးဆွဲဆောင်နိုင်တော့မှာဖြစ်တယ်၊ သူတို့ရဲ့ပါဝင်တည်ရှိမှု က အဲဒီလုပ်ငန်းကြီးတွေရဲ့ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်ချက်တွေထဲမှာသာမကသူတို့ရဲ့ မြန်မာ့စီးပွားရေးမိတ်ဖက်တွေဆီမှာပါ တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်း အလေ့အကျင့်နဲ့ပတ်သက်ပြီး စံချိန်စံညွှန်းတွေကို မြှင့်တင်ရာမှာ ကူညီပေးလိမ့်မှာ ဖြစ်တယ်၊ ●